**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၆၄ /၂၀၂၀

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)

# ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်နှင့်တိရစ္ဆာန်များအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤလုပ်ထုံးလုပ်နည်းများကို ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်နှင့် တိရစ္ဆာန်များအား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

(ခ) ဤလုပ်ထုံးလုပ်နည်းများသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသောစကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တင်သွင်းခြင်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်မျိုးမျိုးကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံတော်အတွင်းသို့ သယ်ဆောင်လာခြင်းကို ဆိုသည်။

(ခ) **တင်ပို့ခြင်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်မျိုးမျိုးကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် အခြားနိုင်ငံတစ်ခုခုသို့ သယ်ဆောင်သွားခြင်းကို ဆိုသည်။

(ဂ) **ပိတ်ပင်တားမြစ်ကုန်ပစ္စည်း** ဆိုသည်မှာ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း သို့မဟုတ် ပြန်လည်တင်ပို့ခြင်း သို့မဟုတ် တစ်ဆင့်ဖြတ်သန်းကုန်သွယ်ခြင်း မပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ပိတ်ပင်တားမြစ်သည့်ကုန်ပစ္စည်းကို ဆိုသည်။

(ဃ) **ကန့်သတ်ကုန်ပစ္စည်း** ဆိုသည်မှာ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း မပြုရန် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသော သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ကန့်သတ်ထားသည့်ကုန်ပစ္စည်းကို ဆိုသည်။

(င) **အကောက်ခွန်မဲ့ကုန်ပစ္စည်း** ဆိုသည်မှာ ပိတ်ပင်တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းများမှအပ ကုန်ပစ္စည်းများ သယ်ဆောင်လာသည့်အချိန်တွင် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် တရားဝင်ခွင့်ပြုချက် အထောက်အထားများကို တစ်ပါတည်း တင်ပြနိုင်ခြင်း မရှိသော တင်ပို့ သို့မဟုတ် တင်သွင်းလာသည့် ကုန်ပစ္စည်းကို ဆိုသည်။

(စ) **ယာဉ်** ဆိုသည်မှာ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများကို သယ်ဆောင်သော မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

(ဆ) **တိရစ္ဆာန်** ဆိုသည်မှာ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုသော တိရစ္ဆာန်ကို ဆိုသည်။

## အခန်း(၂)
## ပြစ်ဒဏ်သတ်မှတ်ချက်များ

၃။ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများကို တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းပြုရာ၌ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇(၁) တို့အရ အဆိုပါကုန်ပစ္စည်းများသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံထိုက်စေရမည့်အပြင် ယင်းကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် ယာဉ်၊တိရစ္ဆာန်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အရေးယူဆောင်ရွက်ရမည်-

(က) သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ပိတ်ပင်တားမြစ်ကုန်ပစ္စည်း ဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို

ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့်အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်ပြီး ယာဉ်ကိုအသုံးပြု၍ သော်လည်းကောင်း၊ ယာဉ်၏ အစိတ်အပိုင်းတစ်ခုခုကို မူလပုံစံအား ပြုပြင်သို၀ှက်၍သော်လည်းကောင်း၊ တိရစ္ဆာန်ကို အသုံးပြု၍သော်လည်းကောင်း၊ တိရစ္ဆာန်၏ ချုပ်ဝတ်တန်ဆာအတွင်း သို၀ှက်၍သော်လည်းကောင်းသယ်ဆောင်လာခြင်းအားပိုင်ရှင်က သိရှိသည်ဖြစ်စေ၊ မသိရှိသည်ဖြစ်စေ ကုန်ပစ္စည်း၏တန်ဖိုး မည်မျှပင်ဖြစ်စေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ဂ) သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့်အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်လျှင်တန်ဖိုးမည်မျှပင်ဖြစ်စေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ဖြစ်သော်လည်း ပိုင်ရှင်ဖြစ်သူမှ ရွေးယူဒဏ်ငွေဖြင့် ရွေးယူလိုကြောင်း လျှောက်ထားလာပါက အောက်ပါအတိုင်း ရွေးယူဒဏ်ငွေတပ်ရိုက်၍ ရွေးယူခွင့်ပြုနိုင်သည် -

(၁) သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးအတိုင်း သို့မဟုတ် တန်ဖိုးထက်ကျော်လွန်ပါက ယာဉ် သို့မဟုတ် တိရစ္ဆာန်တန်ဖိုး၏တစ်ဆ၊

(၂) သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးထက် လျော့နည်းပါက သိမ်းဆည်းရမိသည့် ကုန်ပစ္စည်းစည်းကြပ်တန်ဖိုး၏တစ်ဆ။

၄။ အပိုဒ် (၃) အပိုဒ်ခွဲ (ဂ) အရ ပိုင်ရှင်ဖြစ်သူမှ ရွေးယူဒဏ်ငွေဖြင့် ရွေးယူလိုကြောင်း လျှောက်ထားလာပါက ရွေးယူဒဏ်ငွေ သတ်မှတ်ရေးအတွက် ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးကို သတ်မှတ်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာနယ်မြေရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးစီနှင့် ကုန်းလမ်း

ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ်တစ်ဦးအပါအဝင် အနည်းဆုံး (၄)ဦးဖြင့် ဖွဲ့စည်းမှုအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အကောက်ခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံ ညွှန်ကြားရေးမှူးထံ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းထားသော တန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့က ယာဉ် သို့မဟုတ် တိရစ္ဆာန်တန်ဖိုးကို စိစစ်သတ်မှတ်ရမည်။

(ခ) တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ စိစစ်သတ်မှတ်ထားသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးကို တိုင်းဒေသကြီး/ ပြည်နယ် အကောက်ခွန်ဦးစီးဌာနမှူး သို့မဟုတ် တာဝန်ခံ ညွှန်ကြားရေးမှူးထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၅။ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်သည် တရားမဝင် တင်သွင်းထားသည့်ယာဉ် ဖြစ်ပါက ၎င်းယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇(၈) အရ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်။

၆။ ယခင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၃၀-၆-၁၉၉၉ ရက်စွဲပါ စာအမှတ်၊ ဘခ - ၂/ ၂၄ (၁၀၇၇/၉၉) ၏ ညွှန်ကြားချက်အမှတ် (၇၆/ ၉၉) ကိုလည်းကောင်း၊ ယခင် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၁၀-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ဘခ-၂/၂၄ (၈၉၀/ ၂၀၁၄) ၏ ညွှန်ကြားချက်အမှတ် (၇၆/၉၉) ၏ ပြင်ဆင်ချက်ကိုလည်းကောင်း ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

**************************************************

စာအမှတ်၊ စဘစ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ (၂၇၇၅/ ၂၀၂၀)

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာ ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

ဤဝန်ကြီးရုံး၊ ဌာနခွဲများ အားလုံး

အမိန့်အရ

15/6/2020

(ထွန်းထွန်းနိုင်)
အမြဲတမ်းအတွင်းဝန်